**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

# အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်မှ ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

## ❖ အကျုံးဝင်သည့်အခွန်ထမ်းပုဂ္ဂိုလ်များ

- ဆရာဝန်၊ အင်ဂျင်နီယာ၊ ဗိသုကာ ပညာရှင်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အနုပညာရှင်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့်ပညာရှင်များပါဝင်ပါသည်။

## ❖ အကျုံးဝင်သည့် ဝင်ငွေများ

- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ဥပမာ - ဆရာဝန်၊ သူနာပြု၊ အနုပညာရှင်၊ စာရင်းစစ် စသည့်ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်း မဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းကို ဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိသည့် ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့် ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ် (သို့မဟုတ်) လစဉ် ပုံသေ လုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ " လစာ " မှ ဝင်ငွေသာ ဖြစ်သည်။

❖ **အခွန်နှုန်း။** ၁-၄-၂၀၁၈ ရက်နေ့မှ စတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည် -

| အမှတ်စဉ် | ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

❖ **စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေး ရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

❖ **ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ် နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များ နုတ်ပယ်ပြီး သတ်မှတ် အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မရှိပါ -

- မတည်စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ကုန်ကျစရိတ်များ မတူကွဲပြားကြပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့် ရှေ့နေတစ်ဦး၏ စရိတ်တူညီနိုင်မည် မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

❖ **အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည် -

ဦးကျော်သည် ရုပ်ရှင် သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခ ကျပ် ၁၀ သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ် ၅ သိန်း ရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခ ကျပ် ၅၄၅ သိန်း ရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ် ကျပ် ၁၅ သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည်စရိတ် ကျပ် ၁၀ သိန်း၊ အလုပ်လက်ခံ ဆောင်ရွက်ရန် မန်နေဂျာတစ်ဦးတစ်လ ကျပ် ၄ သိန်းဖြင့် ၄၈ သိန်း၊ အထွေထွေစရိတ် ၁ သိန်း၊ စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၁၀၉ သိန်းဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင် ဦးကျော်သည် ဝင်ငွေနှစ် အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅ သိန်း ရရှိသော်လည်း အသုံးစရိတ်များ နုတ်ပယ် ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆ သိန်း ရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူ ဇနီးရှိပြီး သားသမီး ၂ ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည် သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀ တန်း ကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်း မှ ဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည် -

| | | | | |
|---|---|---|---|---|
| | | | | (ကျပ်) |
| သရုပ်ဆောင်ခ ဝင်ငွေစုစုပေါင်း | | | = | ၅၄,၅၀၀,၀၀၀ |
| (နုတ်)ကုန်ကျစရိတ် | | | | |
| ခရီးသွားလာစရိတ် | = | ၃,၅၀၀,၀၀၀ | | |
| အလှပြင်စရိတ် | = | ၁,၅၀၀,၀၀၀ | | |
| အဝတ်အထည်စရိတ် | = | ၁,၀၀၀,၀၀၀ | | |
| အထွေထွေစရိတ် | = | ၁၀၀,၀၀၀ | | |
| မန်နေဂျာလစာ | = | ၄,၈၀၀,၀၀၀ | | |
| စုစုပေါင်းလုပ်ငန်းအတွက်ကုန်ကျစရိတ် | | | = | ၁၀,၉၀၀,၀၀၀ |

အသားတင် ဝင်ငွေ = ၄၃,၆၀၀,၀၀၀

အသားတင် ဝင်ငွေ = ၄၃,၆၀၀,၀၀၀

(နုတ်)သက်သာခွင့်များ

(က) အခြေခံသက်သာခွင့် = ၈,၇၂၀,၀၀၀

(စုစုပေါင်း ဝင်ငွေ၏ ၂၀%ဖြင့်)

(ခ) အိမ်ထောင်ဖက်အတွက် = ၁,၀၀၀,၀၀၀

(ဂ) အိမ်ထောင်သည်သားအတွက် = ခွင့်မပြု

(ဃ) ကျောင်းသူသမီးအတွက် = ၅၀၀,၀၀၀

= ၁၀,၂၂၀,၀၀၀

အခွန်စည်းကြပ်ရန်ဝင်ငွေ = ၃၃,၃၈၀,၀၀၀

၁ ကျပ်မှ ၃၀,၀၀၀,၀၀၀ ထိ အဆင့်ဆင့် စုစုပေါင်း = ၄,၁၅၀,၀၀၀

၃၀,၀၀၀,၀၀၁ ကျပ်မှ ၃၃,၃၈၀,၀၀၀ ထိ ကျန် ၃,၃၈၀,၀၀၀ အတွက် ၂၅% = ၈၄၅,၀၀၀

စုစုပေါင်း ကျသင့်အခွန် = ၄,၉၉၅,၀၀၀

❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်ဖြင့် ဘဏ္ဍာနှစ်အလိုက် အခွန်ကောက်ခံရရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဘဏ္ဍာနှစ် | အခွန်ထမ်း အရေအတွက် | ကောက်ခံရရှိမှု (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ၁၇၂၉၉ ဦး | ၁၆၂၁.၆၃၂ |
| ၂ | ၂၀၁၇-၂၀၁၈ | ၁၇၅၃၁ ဦး | ၁၉၅၈.၅၇၂ |

**ပညာရှင်များအနေဖြင့် ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ရမည့် ဝင်ငွေခွန်များကို သက်ဆိုင်ရာ အခွန်ရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ထမ်းဆောင်ကြပါရန်** တိုက်တွန်းနှိုးဆော်အပ်ပါသည်။ လာမည့်ဘဏ္ဍာနှစ်များတွင် ကဏ္ဍအလိုက်အခွန်ထမ်းဆောင်ကြသည့် ပညာရှင်များနှင့် ပေးဆောင်သည့်အခွန်ပမာဏကို သက်ဆိုင်ရာမြို့နယ်များအလိုက် ကြေညာသွားမည် ဖြစ်ပါသည်။

❖ မရှင်းလင်းသည်များကို သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှု ရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃ ၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၄၀၃၀၁၉၂ သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**